
# စစ်ကောင်စီ ထောက်ခံသူများ၏ FACEBOOK တွင် ရေးသားနေသည့် ဝါဒဖြန့်မှုများအား စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ (မတ်လ)




ဓာတ်ပုံ - စစ်ကောင်စီမှ ဖြန့်ဝေနေသည့် စစ်မှုထမ်း ဥပဒေနှင့် ပါတ်သက်သော ဝါဒဖြန့် လက်ကမ်းစာစောင်
Credit: https://myaelattathan.org/

# မာတိကာ

**၁။ နိဒါန်း .......... 2**

**၂။ စောင့်ကြည့်လေ့လာသည့် နည်းလမ်းများ .......... 2**

၂.၁။ အဓိပ္ပါယ်ဖွင့် ဆိုချက် နှင့် အစီရင်ခံစာ လွှမ်းခြုံမှု နယ်ပယ် .......... 2

၂.၂ ။ လေ့လာမှု ပြုလုပ်သည့် အကြောင်းအရာများနှင့် ဦးတည်အုပ်စုများ .......... 3

၂.၃။ လေ့လာမှု ပြုလုပ်ခဲ့သည့် FACEBOOK GROUP များကို ရွေးချယ်ခြင်း .......... 3

၂.၄။ ကန့်သတ်ချက် .......... 3

**၃။ လေ့လာတွေ့ရှိချက်များ .......... 4**

၃.၁။ ဝါဒဖြန့်သည့် ပုံစံသုံးမျိုးကို FACEBOOK GROUP ၄ ခုတွင် တွေ့မြင်ရသည့် အခြေအနေများ .......... 4

၃.၂။ ဝါဒဖြန့်သည့် ပိုစ့်များတွင် တွေ့မြင်ရသည့် အကြောင်းအရာများ .......... 5

၃.၃။ ဝါဒဖြန့်သည့် ပိုစ့်များတွင် ဦးတည် ပြောဆိုနေသည့် အုပ်စုများ .......... 8

၃.၄။ ဦးတည် အုပ်စုတစ်ခုချင်းစီနှင့် ပတ်သက်၍ ညွှန်းဆိုနေသည့် သဘောထား လက္ခဏာများ .......... 9

၃.၅။ စစ်ကောင်စီ၏ ဝါဒဖြန့်ချီမှု အပေါ်တွင် တုန့်ပြန်မှု အခြေအနေများ .......... 11

**၄။ နိဂုံးချုပ် .......... 12**

## ၁။ နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် အရပ်သား ရွေးကောက်ခံ အစိုးရ ဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးဆောင်သည့် အရပ်သား အစိုးရ ခေါင်းဆောင်များကို ဖမ်းဆီးခဲ့ပြီး စစ်တပ် မှ အာဏာသိမ်းလိုက်ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အကူးအပြောင်း လုပ်ငန်းစဉ်များအား ရပ်တန့် သွားစေခဲ့သည်။ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုများ ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် စစ်တပ်မှ အာဏာသိမ်းခဲ့ခြင်း ဖြစ်သည်။ ထို့နောက် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် လှုပ်ရှားမှုများ ပေါ်ပေါက်လာပြီး အစိုးရဝန်ထမ်းများ၏ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုမှာ စစ်ခေါင်းဆောင်များကို အထိနာစေသည့် လှုပ်ရှားမှု တစ်ခု ဖြစ်ခဲ့သည်။ စစ်အာဏာပိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက် လုပ်ရပ်ကြောင့် စစ်တပ်မှ စွန့်ခွာလာသည့် တပ်မတော်သားများ တဖြည်းဖြည်း များပြားလာခဲ့သည်။ ၎င်းတပ်မတော်သားများ၏ မီဒီယာများတွင် ထုတ်ဖော် ပြောဆိုသည့် တပ်တွင်း အခြေအနေများကို လေ့လာခြင်းဖြင့် စစ်ကောင်စီသည် တပ်မတော်သားများအား ရည်ရွယ်သည့် ဝါဒဖြန့်မှုများကို စနစ်တကျ လုပ်ဆောင်နေကြောင်း သိရှိရသည်။ ထိုကြောင့် စစ်ကောင်စီ၏ တပ်မတော်သားများကို ဦးတည်ပြုလုပ်သည့် ဝါဒဖြန့်မှုများတွင် မည့်သည့် အကြောင်းအရာများ ပါဝင်နေသည်ကို တပ်မတော်သားများ အပါအဝင် အများပြည်သူ သိရှိနိုင်စေရန် ရည်ရွယ်၍ ဤအစီရင်ခံစာကို ထုတ်ဝေခြင်း ဖြစ်သည်။

## ၂။ စောင့်ကြည့်လေ့လာသည့် နည်းလမ်းများ

### ၂.၁။ အဓိပ္ပါယ်ဖွင့် ဆိုချက် နှင့် အစီရင်ခံစာ လွှမ်းခြုံမှု နယ်ပယ်

ဝါဒဖြန့်ခြင်း ဆိုသည်မှာ သတင်းအချက်အလက်များ၊ ငြင်းခုံမှုများ၊ ကောလဟာလများ၊ တဝက်တပျက် အမှန်တရား သို့မဟုတ် လိမ်ညာမှုများကို အသုံးပြုပြီး အများပြည်သူများ၏ သဘောထား အမြင်များကို လွှမ်းမိုးနိုင်စေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။ ဝါဒဖြန့်ခြင်းကို အခြေခံအားဖြင့် ၃ မျိုးခွဲခြားနိုင်သည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

**(၁) အဖြူရောင်ဝါဒဖြန့်ခြင်း** - အဖြူရောင် ဝါဒဖြန့်ခြင်း ဆိုသည်မှာ ခိုင်မာသည့် သတင်းရင်းမြစ်များမှ လာသည့် အမှန်တရားနှင့် အထိုက်အလျောက် နီးစပ်သည့် သတင်းအချက်အလက်များဖြစ်သော်လည်း ယင်းကို အသုံးပြုပြီး အများပြည်သူများ၏ သဘောထား အမြင်များကို လွှမ်းမိုးနိုင်စေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။

**(၂) မီးခိုးရောင်ဝါဒဖြန့်ခြင်း** - မီးခိုးရောင် ဝါဒဖြန့်ခြင်းသည် အဖြူရောင် ဝါဒဖြန့်ခြင်း နှင့် အနက်ရောင် ဝါဒဖြန့်ခြင်း နှစ်ခု ကြားရှိဝါဒဖြန့်မှု ပုံစံတစ်မျိုး ဖြစ်သည်။ သတင်း အချက်အလက် ရင်းမြစ်ကို တိကျစွာ ဖော်ထုတ်နိုင်ခြင်း သို့မဟုတ် မဖော်ထုတ်နိုင်ခြင်းနှင့် သက်ဆိုင်သည်။ ထို့အပြင် သတင်းအချက်အလက်များ၏ တိကျမှန်ကန်မှုသည်လည်း မသေချာပါ။

**(၃) အနက်ရောင်ဝါဒဖြန့်ခြင်း** - အနက်ရောင် ဝါဒဖြန့်ခြင်းသည် မှားယွင်းသည့် အချက်အလက် အရင်းအမြစ်များ၊ လုပ်ကြံဖန်တီးမှုများ၊ လှည့်စားထားသည့် သတင်း အချက်အလက်များကို အသုံးပြုပြီး ဝါဒဖြန့်ခြင်း ဖြစ်သည်။

## ၂.၂ ။ လေ့လာမှု ပြုလုပ်သည့် အကြောင်းအရာများနှင့် ဦးတည်အုပ်စုများ

| အကြောင်းအရာ | ဦးတည်အုပ်စု |
|---|---|
| ဘာသာရေး | ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ |
| လူမျိုးရေး | အမျိုးသား ညီညွတ်ရေး အစိုးရ |
| စစ်တပ်နှင့်ဆက်စပ်သည့် အကြောင်းအရာများ | စစ်ကောင်စီ |
| နိုင်ငံတကာအခြေအနေနှင့် တုန့်ပြန်မှုများ | အပစ်ခတ်ရပ်စဲရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ |
| လက်နက်ကိုင်တိုက်ပွဲ ဖြစ်စဉ်များ | အပစ်ခတ်ရပ်စဲရေးထိုးမထားသည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ |
| လုပ်ကြံသတ်ဖြတ်မှုများ | တပ်မတော် |
| သတင်းပေးခြင်း | စစ်ကောင်စီ ထောက်ခံသူများ |
| လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဝေဖန်တိုက်ခိုက်ခြင်း | အမျိုးသားညီညွတ်ရေးအစိုးရကို ထောက်ခံသူများ |
| အခြား | ပြည်သူများ |
| | အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်သည့် ဝန်ထမ်းများ |
| | ဆန္ဒပြလှုပ်ရှားမှုများ ပြုလုပ်နေသည့် အင်အားစုများ |
| | တိုင်းရင်းသားနိုင်ငံရေးပါတီများ |
| | နိုင်ငံရေးပါတီများ/ နိုင်ငံရေးသမားများ |
| | နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ |
| | ယခင်အစိုးရ (၂၀၁၆ - ၂၀၂၀) |
| | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| | အခြား |
| | |

**ဇယား (၁)**

## ၂.၃။ လေ့လာမှု ပြုလုပ်ခဲ့သည့် Facebook Group များကို ရွေးချယ်ခြင်း

စောင့်ကြည့်လေ့လာမှု ပြုလုပ်ရန် ဝါဒဖြန့်ချိရေးကို နေ့စဉ် စဉ်ဆက်မပြတ် လုပ်ဆောင်နေသည့် အဖွဲ့ဝင် ၄၀၀၀ အထက်ရှိသော စစ်ကောင်စီကို ထောက်ခံ အားပေးသည့် Facebook Group ၄ ခုကို ရွေးချယ်၍ စောင့်ကြည့်လေ့လာခဲ့ပါသည်။ အုပ်စုနံပါတ် (၁) နှင့် အုပ်စုနံပါတ် (၃) မှာ Private Group ဖြစ်ပြီး အုပ်စုနံပတ် (၂) နှင့် အုပ်စုနံပတ် (၄) တို့မှာ မှာ Public Group များ ဖြစ်သည်။


## ၂.၄။ ကန့်သတ်ချက်

စစ်ကောင်စီကို ထောက်ခံအားပေးသည့် Facebook Group များထဲမှ အဖွဲ့ အနည်းငယ်ကိုသာ လေ့လာနိုင်ပြီး စစ်ကောင်စီ၏ ဝါဒဖြန့်မှု ပုံသဏ္ဌာန်တစ်စုံလုံးကို ပုံဖော် မှန်းဆနိုင်ရန် လိုအပ်ချက်များ ရှိနေသည့်အတွက် စစ်ကောင်စီ၏ ဝါဒဖြန့် အဖွဲ့များစွာကို လေ့လာစောင့်ကြည့်ရန် လိုအပ်ပါသည်။

## ၃။ လေ့လာတွေ့ရှိချက်များ

စစ်ကောင်စီနှင့် တပ်မတော် ထောက်ခံသူများ စုစည်းထားသည့် Facebook Group များ အတွင်းရှိ ရေးသား တင်ပြထားသည့်ပိုစ့် အရေအတွက် ၄၇၈ ခုကို လေ့လာစောင့်ကြည့်မှု ပြုလုပ်ခဲ့သည်။ အဆိုပါ ပိုစ့်များနှင့် ပါတ်သက်၍ ထိတွေ့ တုန့်ပြန်မှု အရေအတွက် ၁၄၃၃၂ ခု ရှိခဲ့ပြီး မျှဝေသူ ၂၃၇၇ ဦးနှင့် မှတ်ချက် ရေးသားသူ ၇၁၉ ဦး ရှိခဲ့သည်ကို တွေ့ရသည်။

### ၃.၁။ ဝါဒဖြန့်သည့် ပုံစံသုံးမျိုးကို Facebook Group ၄ ခုတွင် တွေ့မြင်ရသည့် အခြေအနေများ




ဂရပ် (၁)


**အုပ်စု နံပါတ် ၁** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၈၁ ကြိမ်ရှိပြီး၊ အဖြူရောင်ဝါဒဖြန့်ခြင်း ၇ ကြိမ်နှင့် အနက်ရောင်ဝါဒဖြန့်ခြင်း ၃ ကြိမ် ရှိခဲ့သည်။

**အုပ်စု နံပါတ် ၂** တွင် မီးခိုးရောင်ဝါဒဖြန့်ခြင်း ၂၂၃ ကြိမ်ရှိပြီး၊ အဖြူရောင် ဝါဒဖြန့်ခြင်း ၂ ကြိမ် ရှိခဲ့သည်။

**အုပ်စုနံပါတ် ၃** တွင် မီးခိုးရောင် ဝါဒဖြန့်ခြင်း ၆၂ ကြိမ်ရှိပြီး၊ အဖြူရောင်ဝါဒဖြန့်ခြင်း ၁ ကြိမ်ရှိခဲ့သည်။

**အုပ်စုနံပါတ် ၄** တွင် မီးခိုးရောင် ဝါဒဖြန့်ခြင်း ၉၆ ကြိမ် ရှိပြီး၊ အဖြူရောင် ဝါဒဖြန့်ခြင်းမှာ ၃ ကြိမ် ရှိခဲ့သည်။

## ၃.၂။ ဝါဒဖြန့်သည့် ပို့စ်များတွင် တွေ့မြင်ရသည့် အကြောင်းအရာများ




ဂရပ် (၂)

စစ်ကောင်စီ လော်ဘီများနှင့် စစ်တပ်ထောက်ခံသူများ၏ ဝါဒဖြန့် ရေးသားသည့် ပို့စ်များထဲတွင် အများဆုံး တွေ့ရှိရသည့် အကြောင်းအရာမှာ သတင်းပေးခြင်း ဖြစ်ပြီး ၃၁ ရာခိုင်နှုန်းထိ ရှိသည်။ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဝေဖန်တိုက်ခိုက်ခြင်း ၂၄ ရာခိုင်နှုန်း၊ လူမျိုးရေးနှင့် ပတ်သက်သည့် အကြောင်းအရာ ၁၆ ရာခိုင်နှုန်းနှင့် စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာ ၂၂ ရာခိုင်နှုန်း ရှိသည်ကို တွေ့မြင်ရသည်။

သတင်းပေးသည့် ဖြစ်စဉ်များတွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲ ဖြစ်ပွားနေသည့် ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများ၏ စစ်ရေး လှုပ်ရှားမှုများ၊ အမျိုးသား ညီညွတ်ရေး အစိုးရ ကို ထောက်ခံသူများအား ဖမ်းဆီးရန် သတင်းပေးခြင်းများကို တွေ့ရသည်။






ပုံ (၁)


ယခုလတွင်လည်း လူမျိုးရေးနှင့် ပါတ်သက်၍ ရေးသား ဝါဒဖြန့်မှုများ များပြားခဲ့သည်။ ဖေဖါ်ဝါရီလ ကဲ့သို့ပင် ရက္ခိုင့်တပ်တော်နှင့် ပါတ်သက်၍ လူမျိုးရေး တိုက်ခိုက် ဝါဒဖြန့်မှုများ များပြားနေဆဲပင် ဖြစ်သည်။ ထို့အပြင် ယခုလတွင် ပအိုဝ်းလူမျိုး အချင်းအချင်းကြားတွင် သွေးခွဲရန်တိုက်ရေးသားမှုများ ပိုမို လုပ်ဆောင် လာခဲ့သည်။ ဇန်နဝါရီလ အတွင်းတွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များနှင့် အန်စီအေလက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားတော်လှန်ရေး တပ်ဖွဲ့ တစ်ခုဖြစ်သော ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ် တပ်ဖွဲ့ဝင်များ အကြားတွင် တင်းမာမှု စတင်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်နေ့မှာ ဆီဆိုင်မြို့ကို ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ်က သိမ်းပိုက်ခဲ့ပြီး မတ်လ ၂၅ နေ့နောက်ပိုင်းတွင် စစ်ကောင်စီနှင့် ပအိုဝ်းပြည်သူ့စစ် (ပအိုဝ့်အမျိုးသား အဖွဲ့ချုပ်) တပ်ဖွဲ့က ဆီဆိုင်မြို့ကို ပြန်လည်သိမ်းပိုက်ခဲ့သည်။ အဆိုပါ ရှမ်းပြည်နယ် တောင်ပိုင်း ဆီဆိုင်မြို့ တိုက်ပွဲများတွင် တော်လှန်ရေး တပ်ဖွဲ့များနှင့် ပူးေပါင်း တိုက်ပွဲဝင်နေသည့် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ်နှင့် စစ်ကောင်စီ လက်အောက်ခံ ပအိုဝ်းပြည်သူ့စစ် (ပအိုဝ့်အမျိုးသား အဖွဲ့ချုပ်)တို့၏ တိုက်ပွဲများ အပေါ်အခြေခံကာ ပအိုဝ့်လူမျိုးများနှင့် တော်လှန်ရေး တပ်ဖွဲ့များအားကြားတွင် လူမျိုးရေးဖြင့် ရန်တိုက်ခြင်း၊ ပြည်သူများ အမြင်စောင်းစေရန် သွေးခွဲရေးသား ဝါဒဖြန့်မှုများ လုပ်ဆောင်ခဲ့သည်။




ပုံ (၂)

စောင့်ကြည့်လေ့လာမှုအရ ယခုလတွင် စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာ ၂၂ ရာခိုင်နှုန်း ရှိခဲ့သည်ကို တွေ့ရသည်။ ထိုအထဲတွင် စစ်ကောင်စီမှ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် အသက်ဝင်ကြောင်း ကြေငြာခဲ့သည့် ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ရေးသားမှု များပြားခဲ့သည်ကို တွေ့ရသည်။ ဖေဖော်ဝါရီလတွင် ပြည်သူများအား စစ်မှုထမ်းရန် လှုံ့ဆော်ရေးသားမှုများ၊ ခြိမ်းခြောက်ရေးသားမှုများ များပြားခဲ့သည်။ မတ်လတွင် တပ်သားသစ် သင်တန်းများ ဖွင့်လှစ်သည် ဓာတ်ပုံများ၊ ဗွီဒီယို ဖိုင်များကို ဖြန့်ဝေကာ စစ်ကောင်စီ တပ်ဖွဲ့များသို့ လူငယ်များက မိမိတို့ ဆန္ဒအလျောက် စစ်မှုထမ်းရန် ဝင်ရောက်နေသည်ဟု ဝါဒဖြန့်ခဲ့ကြသည်။ မတ်လအတွင်းတွင် စစ်မှုထမ်း ဥပဒေတွင် အကျုံးဝင်သည့် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ်များအား ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ တဆင့် ဖိအားပေး၍ မဲနှိုက်ရွေးချယ်မှုများ လုပ်ဆောင်ခဲ့ကြသည်။ ရောဝတီတိုင်း၊ ကန်ကြီးထောင့်မြို့နယ်နှင့် ဖျာပုံမြို့နယ်တို့တွင် စစ်မှုထမ်းရန် မဲနှိုက် ရွေးချယ်ခံရသည့် လူငယ် နှစ်ဦးသည် အဆိပ်သောက်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေသွား ကြောင်း သတင်းမီဒီယာများ၏ ဖော်ပြချက်များ အရသိရသည်။ ထို့အတူ စစ်ကောင်စီ လက်အောက်တွင် တာဝန် ထမ်းဆောင်လိုခြင်း မရှိသည့် လူငယ် အများအပြားမှာ ပြည်ပနိုင်ငံများနှင့် တော်လှန်ရေး အင်အားစုများ ထိန်းချုပ်ထားသည့် နယ်မြေများဆီသို့ ထွက်ခွာ တိမ်းရှောင်လျှက် ရှိကြသည်။


## ၃.၃။ ဝါဒဖြန့်သည့် ပို့စ်များတွင် ဦးတည် ပြောဆိုနေသည့် အုပ်စုများ




ဂရပ် (၃)

မတ်လအတွင်းတွင် ဝါဒဖြန့်သည့် ပို့စ်များ ရေးသားရာတွင် အန်စီအေလက်မှတ် ရေးထိုးမထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပတ်သက်၍ ၂၁ ရာခိုင်နှုန်း၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များနှင့် ပါတ်သက်၍ ၁၇ ရာခိုင်နှုန်း၊ စစ်ကောင်စီနှင့် ပါတ်သက်၍ ၁၀ ရာခိုင်နှုန်း၊ တပ်မတော်နှင့် ပါတ်သက်၍ ၁၂ ရာခိုင်နှုန်း ရှိခဲ့သည်ကို တွေ့ရှိရသည်။


## ၃.၄။ ဦးတည် အုပ်စုတစ်ခုချင်းစီနှင့် ပတ်သက်၍ ညွှန်းဆိုနေသည့် သဘောထား လက္ခဏာများ




ဂရပ် (၄)

လေ့လာတွေ့ရှိချက်များ အရ စစ်ကောင်စီ၏ ဝါဒဖြန့်မှုများတွင် အမျိုးသား ညီညွတ်ရေး အစိုးရ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ ၊ အမျိုးသား ညီညွတ်ရေး အစိုးရကို အားပေးထောက်ခံသူများ၊ အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်သည့် ဝန်ထမ်းများ ၊ ဆန္ဒပြပြည်သူများ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၊ ယခင် အစိုးရအဖွဲ့ (၂၀၁၆-၂၀၂၀) ၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များကို ကူညီပံ့ပိုးနေသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များအား ပုံဖျက်တိုက်ခိုက်ရန် မှားယွင်းသည့် သတင်းအချက်အလက်များ၊ အမှန်တဝက် အမှားတဝက် ရောနှောထားသည့် သတင်းများကို အသုံးပြုပြီး စစ်ကောင်စီ တပ်ဖွဲ့ဝင်များနှင့် ထောက်ခံသူများ အကြားတွင် စနစ်တကျ ဝါဒဖြန့်ခဲ့သည်။


မတ်လ အတွင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ အမျိုးသားညီညွတ်ရေး အစိုးရကို ထောက်ခံသူများ၊ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကို အဆိုးမြင် သဘောထားဖြင့် တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ် ခဲ့သည်။ အန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များမှ ကချင်လွတ်မြောက်ရေး တပ်မတော်၊ ရက္ခိုင့်တပ်တော်၊ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် နှင့်ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်တို့အား တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ်ခဲ့ကြသည်။ အန်စီအေလက်မှတ် ရေးထိုး ထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များမှ ပအိုဝ်း အမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ်နှင့် ကရင် အမျိုးသား အစည်းအရုံးတို့အား တိုက်ခိုက်ရေးသားမှု များပြားခဲ့သည်။




ပုံ (၃)

ယခုလတွင်လည်း စစ်ရေးအရ ရှုံးနိမ့်မှုများနှင့် ပါတ်သက်၍ စစ်ကောင်စီ ခေါင်းဆောင်များနှင့် တပ်မှူးများကို ပြစ်တင်ပြောဆိုမှုများ ရှိနေခဲ့သည်။ စစ်ကောင်စီ ခေါင်းဆောင် မင်းအောင်လှိုင်ကို ပြင်းထန်စွာ ဝေဖန် ရေးသားသည့် ပိုစ့်များ၊ လှောင်ပြောင်ရေးသားသည့် ပိုစ့်များကိုလည်း တွေ့ရှိရသည်။ စစ်ကောင်စီ လက်အောက်ခံ တပ်မှူးများ၏ အဂတိလိုက်စားမှုများ၊ စစ်ရေး ညံ့ဖျင်းမှုများနှင့် ပါတ်သက်၍ ဝေဖန်မှုများကို တွေ့ရှိရသည်။ တော်လှန်ရေး အင်အားစုများနှင့် တိုက်ပွဲများအတွင်း လက်နက်ချသည့် တပ်ဖွဲ့ဝင်များ၊ တပ်မှူးများအား တိုက်ခိုက်ရေးသားမှုများလည်း ရှိခဲ့သည်။

## ၃.၅။ စစ်ကောင်စီ၏ ဝါဒဖြန့်ချိမှု အပေါ်တွင် တုန့်ပြန်မှု အခြေအနေများ




ဂရပ် (၅)

စစ်ကောင်စီကို ထောက်ခံသူများကိုသာ စီစစ်၍ အဖွဲ့ဝင် ဖြစ်ခွင့်ပေးထားသော Private Group ဖြစ်သည့် အုပ်စုနံပါတ် ၁ တွင်တွေ့ရှိရသည့် ဇူလိုင်လမှ မတ်လအတွင်းရှိ ထိတွေ့တုန့်ပြန်မှု အခြေအနေများ ဖြစ်သည်။

## ၄။ နိဂုံးချုပ်

မတ်လ အတွင်းတွင် မီခိုးရောင် ဝါဒဖြန့်မှုကို အများဆုံး တွေ့ရသည်။ သတင်းပေးခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ဝေဖန် တိုက်ခိုက်ခြင်း၊ စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာများ၊ လူမျိုးရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို အများဆုံး ရေးသားခဲ့သည်ကို တွေ့ရှိရသည်။

မတ်လ အတွင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ အမျိုးသားညီညွတ်ရေး အစိုးရကို ထောက်ခံသူများ၊ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကို အဆိုးမြင် သဘောထားဖြင့် တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ် ခဲ့သည်။ အန်စီအေလက်မှတ် ရေးထိုး မထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များမှ ကချင်လွတ်မြောက်ရေး တပ်မတော်၊ ရက္ခိုင့်တပ်တော်၊ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် နှင့်ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်တို့အား တိုက်ခိုက်ရေးသားမှု အများဆုံး ပြုလုပ်ခဲ့ကြသည်။ အန်စီအေလက်မှတ် ရေးထိုး ထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များမှ ပအိုဝ်း အမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ်နှင့် ကရင် အမျိုးသား အစည်းအရုံးတို့အား တိုက်ခိုက်ရေးသားမှု များပြားခဲ့သည်။

ယခုလတွင်လည်း လူမျိုးရေးနှင့် ပါတ်သက်၍ ရေးသား ဝါဒဖြန့်မှုများ များပြားခဲ့သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်နေ့မှာ ဆီဆိုင်မြို့ကို ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ်က သိမ်းပိုက်ခဲ့ပြီး မတ်လ ၂၅ နေ့နောက်ပိုင်းတွင် စစ်ကောင်စီနှင့် ပအိုဝ်းပြည်သူ့စစ် (ပအိုဝ့်အမျိုးသား အဖွဲ့ချုပ်) တပ်ဖွဲ့က ဆီဆိုင်မြို့ကို ပြန်လည်သိမ်းပိုက်ခဲ့သည်။ အဆိုပါ ရှမ်းပြည်နယ် တောင်ပိုင်း ဆီဆိုင်မြို့ တိုက်ပွဲများတွင် တော်လှန်ရေး တပ်ဖွဲ့များနှင့် ပူးေပါင်း တိုက်ပွဲဝင်နေသည့် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ်နှင့် စစ်ကောင်စီ လက်အောက်ခံ ပအိုဝ်းပြည်သူ့စစ် (ပအိုဝ့်အမျိုးသား အဖွဲ့ချုပ်)တို့၏ တိုက်ပွဲများ အပေါ်အခြေခံကာ ပအိုဝ့်လူမျိုးများနှင့် တော်လှန်ရေး တပ်ဖွဲ့များအားကြားတွင် လူမျိုးရေးဖြင့် ရန်တိုက်ခြင်း၊ ပြည်သူများ အမြင်စောင်း စေရန် သွေးခွဲရေးသား ဝါဒဖြန့်မှုများ လုပ်ဆောင်ခဲ့သည်။

ယခုလတွင် စစ်တပ်နှင့် သက်ဆိုင်သည့် အကြောင်းအရာ ၂၂ ရာခိုင်နှုန်း ရှိခဲ့သည်ကို တွေ့ရသည်။ ယခင်လတွင် စစ်ကောင်စီမှ ဖေဖေါ်ဝါရီလ ၁၀ ရက်နေ့တွင် အသက်ဝင်ကြောင်း ကြေငြာခဲ့သည့် ပြည်သူ့ စစ်မှုထမ်း ဥပဒေနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ရေးသားမှု များပြားခဲ့သည်ကို တွေ့ရသည်။ မတ်လတွင် တပ်သားသစ် သင်တန်းများ ဖွင့်လှစ်သည် ဓာတ်ပုံများ၊ ဗွီဒီယိုဖိုင်များကို ဖြန့်ဝေကာ စစ်ကောင်စီ တပ်ဖွဲ့များသို့ လူငယ်များက မိမိတို့ ဆန္ဒအလျောက် စစ်မှုထမ်းရန် ဝင်ရောက်နေသည်ဟု ဝါဒဖြန့်ခဲ့ကြသည်။ မတ်လ ၂၇ ရက် နေ့တွင် ပြုလုပ်ခဲ့သည့် တပ်မတော်နေ့ အခမ်းအနားနှင့် ပါတ်သက်၍ ရေးသားပြောဆို ဝါဒဖြန့်မှုများမှာ ယခင်နှစ်ထက် လျော့နည်းခဲ့သည်ပြီး စိတ်ဝင်စားမှုလည်း နည်းပါးခဲ့သည်ကို တွေ့ရသည်။

မတ်လ အတွင်းတွင် စစ်ကောင်စီ ခေါင်းဆောင် မင်းအောင်လှိုင်ကို ပြင်းထန်စွာ ဝေဖန်ရေးသားသည့် ပို့စ်များ၊ လှောင်ပြောင် ရေးသားသည့် ပို့စ်များကိုလည်း တွေ့ရှိရသည်။ စစ်ကောင်စီ လက်အောက်ခံ တပ်မှူးများ၏ အဂတိ လိုက်စားမှုများ၊ စစ်ရေး ညံ့ဖျင်းမှုများနှင့် ပါတ်သက်၍ ဝေဖန်မှုများကို တွေ့ရှိရသည်။ တော်လှန်ရေး အင်အားစုများနှင့် တိုက်ပွဲများ အတွင်း လက်နက်ချသည့် တပ်ဖွဲ့ဝင်များ၊ တပ်မှူးများအား တိုက်ခိုက် ရေးသားမှုများလည်း တွေ့ရသည်။

အထက်ပါ အကြောင်းအရာများနှင့် ပတ်သက်၍ မတ်လ အတွင်းတွင် စစ်ကောင်စီ၏ ဝါဒဖြန့်မှုများကို စစ်ကောင်စီ ထောက်ခံသူများ၏ အုပ်စုများတွင် ထိတွေ့တုန့်ပြန်မှု မြင့်တက်ခဲ့သည်ကို တွေ့ရသည်။